ချစ်သဲမေသီ

# ထိုအချစ်က စစ်မှန်ခဲ့သော်

အပိုင်း (၄)



# အခန်း - ၁၆

"အသင်ရေ အသင်ခရာ ..."

"ငါဒီမှာ သူငယ်ချင်း ..."

"ဟင် ကလေးနာမည်ပါလား ..."

ဟန်နီမွန် လှမ်းခေါ်တဲ့ ဘက်သို့ ဟန်ပါပါနှင့် ပြန်လှည့်ပြီး လက်ပြ နှုတ်ဆက်လိုက်သည် ။ မွန် အနားသို့ ရောက် လာပြီး ...

"ဟိတ် ... ဟိုမှာ နင့်ကိုကို နင့်ကို ရှာနေတယ် ..."

မွန် နေဘက်သို့ လက်ညှိုးထိုးကာ ပြောလိုက်သည် ။ နေ သူတို့ ရှေ့ မှာ ပင် ကြောင်အမ်းအမ်း ရပ်ကြည့်နေမိသည် ။

"ကိုကို မဖြစ်နိုင်ပါဘူး ... ကိုကိုက ငါ့ကိုပစ်မထားဘူးဆိုတာ ငါသိ တယ် ..."

ဟန်နီ ဝမ်းနည်းသလို ဟန်ဆောင်ရင်း မျက်စိက နေဘက်သို့ နေရဲ့ အရိပ်အကဲကိုကြည့် ... နေမကြားကြားအောင် နှစ်ယောက်သား ပြော နေကြသည် ။

"နင်သိလား ကိုကိုက ငါ့ရဲ့ လက်လေးမှာ မှဲ့လေးရှိတာကို သိတယ် . .."

"ဟင် ... ဒါဆို ကလေး ... ကလေးပေါ့ ... ကိုကိုရဲ့ ကလေးပေါ့ ..."

နေ ရပ်ကြည့်နေရာမှ ဟန်နီတို့ ဆီသို့ ခြေလှမ်းကျဲကြီးနှင့် သွားကာ ဟန်နီ လက်အား ဆွဲယူကာ ကြည့်လိုက်သည် ။

"ဟုတ်ပါတယ် ကလေးမှ ကလေးအစစ် ..."

"ရှင် ... ရှင်ဘာလုပ်တာလဲ ... ရှင်ဘယ်သူလဲ ကျွန်မကို သိနေတာလား ..."

ဟန်နီ ပြောရင်း နေရဲ့ လက်တို့ အား ခါထုတ်ပစ်လိုက်သည် ။ နေ ဟန်နီပြောမှ သတိပြန်ဝင်ကာ ကိုင်ထားသော လက်နှစ်ဖက်လုံးကို လွှတ်လိုက်သည် ။

"Sorry မိန်းကလေး ..."

"ကျွန်မ ရှင့်ကိုမသိဘူး ... ရှင့်နာမည် ဘယ်သူလဲဟင် ..."

ဟန်နီ မသိသလို ဟန်ဆောင်ရင်း ...

"ကိုကို့နာမည် နေမင်းထည်ဝါလေ ကလေး မှတ်မိလား ... ကလေး ...."

"ကိုကိုပေ့ါနော် ... ကိုကို အသင်ရဲ့ ကိုကို ..."

နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် ဖက်လိုက်ရင်း ... နေကတော့ ဝမ်းသာလွန်းလို့ မျက်ရည်ပါ ဝဲသော်လည်း ဟန်နီကတော့ နေရဲ့ နောက်ကွယ်မှာ မဲ့ပြုံးတစ်ချက်ပြုံးကာ ...

"ကိုကို ... ကလေးကို မထားခဲ့နဲ့ နော် ..."

"အင်းပါ ကိုကိုကလေးကို ဘယ်တော့မှ မထားခဲ့ဘူး ... ဘာကြောင့်ဆို အသင်ခရာဆိုတဲ့ ကောင်မလေးက ကိုကို့ရဲ့ အသက်ဖြစ်နေလို့ ... ကိုကို ကလေးမရှိတဲ့ ရက်တွေမှာ ကိုကို ဘယ်လိုနေရလဲသိလား ကလေး

ကို နေ့တိုင်း သတိရနေတာ ... ဩော် ကလေး မမကို သွားတွေ့ရအောင် သူလည်း ကလေးကို တွေ့ချင်နေမှာ ..."

"ဟုတ် ကိုကို ..."

နေ သူတည်းတဲ့ ဟိုတယ်သို့ ဟန်နီအား ခေါ်သွားသည် ။ ဟန်နီက တော့ နောက်မှ ကျန်ခဲ့တဲ့ မွှန်ကို နေ မမြင်အောင် လက်မထောင်ပြထား ခဲ့သည် ။

***

S ရေချိုးပြီး အဝတ်အစား လဲလိုက်သည် ။ လူက ဘာဖြစ်တာလဲ မ သိဘူး ခေါင်းက အရမ်းမူးနေသည် ။ အသက်ရှူမဝသလိုလို ဖြစ်နေ သောကြောင့် ခုတင်နားသွားရန် ပြင်လိုက်ပြီး ခုတင်နားရောက်တော့ ခ န္ဓာကိုယ် တစ်ခုလုံး ခုတင်ဘေးတွင် ပုံလျက်သားကျသွားပြီး သတိမေ့ သွားသည် ။

ကြယ်စင် Sလေးနဲ့ အတူတူ ကမ်းခြေဘက် ဖြောက်ဖောက်ရန် တိုင် ပင်ထားသောကြောင့် သွားခေါ်သည် ။

အပြင်မှာ တံခါးကိုခေါက်ကာ ခေါ်သော်လည်း ဘယ်သူမှ မထူးသော ကြောင့် တံခါးကို ဖွင့်ကာ ဝင်လိုက်သည် ။ အခန်းထဲမှာ မြင်လိုက်ရတဲ့ မြင်ကွင်းကြောင့် ... S အနားသို့ပြေးကာ ...

"S ဟေ့ Sလေး ... မည့်သို့ပင် ခေါ်သော်လည်း တုံ့ပြန်မှု မရှိ သောကြောင့် စိုးရိမ်မှု ဒီဂရီ မြင့်တက်သွားကာ ... ဘာလုပ်လို့ ဘာကိုင်ရ မှန်း မသိသောကြောင့် ...

"ကိုသတိုး ဟုတ်တယ် ကိုသတိုးကို သွားခေါ်ရမယ် ..."

ပြောလည်း ပြော ခြေလှမ်းတို့ က သတိုးရှိရာ အခန်းဘက်သို့ လျင်မြန်စွာ ဦးတည်လျက်...

အခန်းပြင်မှ တံခါးကို တဘုန်းဘုန်းထုရင်း ...

"ကိုသတိုး ကိုသတိုး ..."

သတိုး ချာတိတ်လေးရဲ့ အသံက တစ်မျိုး ဖြစ်နေသောကြောင့် စိုးရိမ်ကာ အခန်းထဲမှ မြန်မြန်ထွက်လာကာ ... တံခါးကို ဖွင့်ပေးလိုက်ပြီး ...

"ဘာဖြစ်လို့ လဲ ... ချာတိတ်"

"S S ဘာဖြစ်မှန်း မသိဘူး ... လာကြည့်ပေးပါဦး ..."

သတိုးလက်အားဆွဲကာ S အခန်းထဲသို့ ခေါ်သွားသည် ။ သတိုးလည်း S ကို ခုတင်ပေါ်သို့ မတင်ပေးလိုက်ပြီး ...

အခန်းထဲမှ ဖုန်းနှင့် ရီဆက်ရှင်ကို ဖုန်းခေါ်လိုက်သည် ။

"ဟဲလို ... အခန်းနံပါတ် VIP( ... ) အခန်းကို ဆရာဝန် မြန်မြန်လေး ခေါ်ပေးပါ ..."

ဆရာဝန်နှင့် သူနာပြုမလေး လာတော့ ...

ဆရာဝန် စမ်းသပ်ပြီးတော့ ...

"မောင်ရင် အပြင်ဘက် ထွက်ပေးပါလား ... လူနာကို အဝတ်လဲပေးမလို့ ..."

"ရပါတယ် ..."

ကြယ်စင် ဒေါက်တာပြောတာကို သဘောပေါက်ကာ သတိုးအား လ

က်နှင့်ပါးစပ်ကို ပိတ်ကာ အခန်းပြင်ခေါ် လာပြီး သူပြန်ဝင်လာကာ ... သတိုးကတော့ နားမလည်စွာ အပြင်သို့ ရောက်ခဲ့ရင်း ... သူနာပြုမလေးက Sအား ရင်ဘတ်မှာ စည်းထားတဲ့ အဝတ်တွေကို ဖြေပေးလိုက်သည် ။

"ဆရာ သူ ဘာဖြစ်တာလဲဟင် ..."

"သူမ အရမ်းကို အားနည်းနေတယ် ..."

သူ့ရင်ဘတ်ကို အဝတ်နဲ့ စည်းထားတာက အသက်ရှုကျပ်စေတယ် . .. ဒီလို အမြဲတမ်း စည်းထားမယ်ဆိုရင် သူ့အတွက် မကောင်းဘူး ... ကျန်းမာရေး ထိခိုက်စေတယ် ... ဒါကြောင့် လူနာကို အသက်ဝဝရှုရအောင် မစည်းဖို့ ပြောလိုက်ပါ ..."

"ဟုတ်ကဲ့ဆရာ ... ဒါနဲ့ ဒီကိစ္စကို အပြင်လူ မသိစေချင်လို့ မပြောပါနဲ့ဆရာ ..."

"ဒါဆို ဆရာ သွားလိုက်ဦးမယ် ..."

"ဟုတ် ..."

ဆရာ ထွက်သွားတော့ သတိုးလိုက်ပို့ပြီး အခန်းထဲသို့ ဝင်လာသည် ။

"ချာတိတ် Sလေး ဘာဖြစ်တာလဲ ..."

"ဘာမှ ထွေထွေထူးထူး မဖြစ်ပါဘူး ... ဒါနဲ့ သူနဲ့ အတူတူနေတဲ့ ကိုနေမင်းရော ... ဘယ်မှာ လဲ ..."

"ကျွန်တော်လည်း မသိဘူးဗျာ ... ကိုနေ တစ်ယောက်တည်း ကမ်းခြေဘက်များ ထွက်သွားတာလား မသိဘူး ... ကျွန်တော် သွားကြည့်လိုက်ဦးမယ် ..."

သတိုး ပြောပြီး လှည့်ထွက်ခဲ့သည် ။ ကြယ်စင်ကတော့ S အနားမှာ

ကျန်ခဲ့ပြီး ...

"မြန်မြန် သတိရပါတော့ Sလေးရယ် ငါစိတ်ပူနေပြီ ..."

***

နေမင်း ဟန်နီလက်ဆွဲကာ အေသင် အခန်းလာသော်လည်း မတွေ့သောကြောင့် ဖုန်းဆက်လိုက်သည် ။ အေသင် ကမ်းခြေဘက်မှာ ဆို၍ လိုက်သွားသည် ။

သူလည်း သူ့ညီမကို တွေ့ချင်နေမှာ ပဲ ဆိုတဲ့ အတွေးနဲ့ နေ လိုက်ပို့ခဲ့သည် ။

"အေသင် ... ဒါ ဘယ်သူလဲကြည့် ..."

"ဘယ်သူလဲ ငါမသိဘူး ..."

"ကျွန်မနာမည် အသင်ခရာပါမမ ..."

အေသင် ရပ်နေတဲ့ နေရာမှာ ပင် ယိုင်မလိုဖြစ်ကာ မိမိကိုယ်ကို ဟန်မပျက်ထိန်းရင်း ...

"မဖြစ်နိုင်တာ ... အလောင်းကို ငါတို့ ကိုယ်တိုင် သင်္ဂြိုဟ်ထားတာပါ ... မင်းက နေ မင်းမသေဘူးလို့ ပြောသံကြားလို့ လာပြီး ဟန်ဆောင်နေတာလား ..."

အေသင်စကားများက မြေကြီးကို လက်နှင့် ရိုက်ခတ်သကဲ့သို့ မှန်နေတော့ ဟန်နီမျက်နှာ ခဏပျက်သွားပြီး ချက်ချင်းဆိုသလို စိတ်မကောင်းသော မျက်နှာအသွင်သို့ ... ပြန်ပြောင်းလိုက်ပြီး နေအား သနားစရာ

မျက်နှာလေးနဲ့ ကြည့်လိုက်သည် ။

"တော်တော့ ... ကလေး လာ"

"ကလေး ဟန်ဆောင်တာ မဟုတ်ဘူး ကိုကို ကလေးပြန်တော့မယ် ... ကလေးကို မယုံဘူး ..."

"ကိုကို ယုံတယ်နော် ... မပြန်ပါနဲ့ ကိုကို့နားက ဘယ်တော့မှ ထွက်မသွားပါနဲ့ ... နော်ကလေး ..."

နေ ထွက်သွားမည် စိုးသည့်အလား ဟန်နီ လက်ဖဝါးနှစ်ဖက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ရင်း ...

"ဟုတ်ကဲ့ပါ ကိုကို ကလေးအခန်းကို ပြန်တော့မှာ ကို ပြောတာပါ ... "

"ကိုကို လိုက်ပို့မယ် ..."

"ရတယ်ကိုကို ... အသင်ဘာသာ ပြန်လိုက်မယ် ..."

ဟန်နီ နေတို့ ကို ကျောခိုင်းကာ လှည့်ထွက်ခဲ့သည် ။ တစ်နေရာ အကွယ်ရောက်တော့ ...

"လွယ်လွယ်လေးပါလား ... ကိုနေမင်းထည်ဝါ ခင်ဗျားက တော်တော် အသင်ခရာဆိုတဲ့ မိန်းမကိုချစ်တာပဲ ... ဟိုမိန်းမကြီးကို တော့ သတိထားရမယ် ..."

***

"နင်ယုံလား နေမင်း ..."

"ငါယုံတယ် ..."

နေ အေသင် ပြောလိုက်တာကို ချက်ချင်း ခေါင်းညိတ်ကာ ပြန်ဖြေသည် ။

"ငါမယုံဘူး နင်ပြောသလို သူ အသက်ရှင်တယ်ပဲ ထားဦး ... သူသာ ငါတို့ ကိုသိရင် ဟိုးကတည်းက ရှာမှာ ပဲ ..."

"ငါတို့ ကို မတွေ့လို့ ပေါ့ ..."

"အဟက် နေမင်း နင်က အသင်ခရာဆိုတဲ့ ငှါညီမနဲ့ ပတ်သက်လာရင် နင့်ရဲ့ ဦးနှောက်တွေက ကလေးသာသာပဲ ..."

အေသင် ခြောက်ကပ်ကပ် ရယ်သံနှင့်အတူ နေအား ပြန်ပြောလိုက်သည် ။ ဟုတ်ပါတယ် နေဆိုတဲ့ ငါက ကလေးနဲ့ ပတ်သက်ရင် ...

"ငါတို့ ကို မသိတဲ့ သူရှိမှာ ပါ ... ဒါပေမဲ့ ထည်ဝါနဲ့ ခရာစံအိမ်ကို တော့ မသိတဲ့ သူမရှိဘူး ... သူသာသိရင် ၁၄ နှစ်ဆိုတဲ့ အချိန်ထိ စောင့်ပါမလား ..."

တစ်ဆက်တည်းမှာ ပဲ နေ ခေါင်းထဲမှာ S ရဲ့ အသံ ကြားယောင်မိသည် ။ နာမည်တူ လူတူမရှားတောင် ရှိသေး မှဲ့ ဆိုတာလည်း တူတာရှိမှာ ပေါ့ ...

သတိုးပြေးလာကာ နေတို့ အနား ရောက်တော့

"ကိုနေက ဒီရောက်နေတာကိုး ကျွန်တော် စိတ်ပူလို့ လာရှာတာ ..."

"အင်း ဘာဖြစ်လို့ လဲ မင်းကြည့်ရတာ ..."

"S မူးလဲလို့ ပါ ... ခု ..."

"ဘာ S မူးလဲလို့ ဟုတ်လား ..."

သတိုး စကားတောင် မဆုံးလိုက် နေ အပြေးတစ်ပိုင်း ထွက်လာခဲ့သည် ။ စိတ်ထဲမှာ လည်း ... မင်းဘာမှ မဖြစ်ပါနဲ့ ...

***

S သတိရလာတော့ ကိုယ်ကို ပြန်ကြည့်တော့ ရင်ဘတ်မှာ စည်းထားတဲ့ အဝတ်စ မတွေ့တော့ ပျာယာခတ် သွားသည် ။

ပြီးမှ သူ့နံဘေးမှာ အိပ်နေတဲ့ ကြယ်စင်ကိုမြင်မှ ...

"ဟူး ... ကြယ်စင် ထဦး ..."

"ဟင် အေးအေး ..."

"ဦးနေ မလာသေးဘူးလား ..."

"အင်း ... ၁၂နာရီတောင် ထိုးပြီ ... မလာသေးဘူး"

"ငါဒါ သွားစည်းလိုက်ဦးမယ် သူ့သွားရှာဦးမယ် ..."

S ရင်ဘတ်စည်းတဲ့ အဝတ်စကို မြှောက်ပြကာ ခုတင်ပေါ်မှ ဆင်းလိုက်သည် ။

"ဒေါက် ... ဒေါက် ..."

"ဟင် ..."

နှစ်ယောက်သား မျက်လုံးပြူးသွားကာ တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်ပြီး ...

"မြန်မြန် သွားစည်း ... သွား ..."

***

"ကျို ..."

"S ရော S ..."

"သန့်စင်ခန်းထဲမှာ ပါ ..."

နေ သန့်စင်ခန်းထဲသို့ မပြေးရုံတမယ် ခြေလှမ်းကျဲကြီးနဲ့ လျှောက်လိုက်ပြီး တံခါးကို ဖွင့်ကာ ဝင်လိုက်ပြီး S ကိုမြင်မှ သူစိတ်ပူတာ ကျသွားသည် ။

"S မင်း ဘာဖြစ်သွားသေးလဲ ... ငါအရမ်း စိုးရိမ်နေတာ ..."

"ကျွန်တော် ဘာမှ မဖြစ်ပါဘူး ... ဦးနေ ညကြီး အချိန်မတော် ဘယ်သွားနေတာလဲ ..."

"မနက်ကျမှ ပြောပြမယ် ခုနားလိုက်တော့ ..."

"ဟုတ် ..."

"နေ S ခုတင်ပေါ်မှာ သွားအိပ်မှ ..."

"မင်းလည်း ပြန်ပြီးနားလိုက်ပါ ... Sလေးကို ငါဂရုစိုက်မှာ မို့ စိတ်မပူပါနဲ့ ..."

"ဟုတ် ဒါဆို သွားလိုက်ပါဦးမယ်ရှင့် ..."

ကြယ်စင် အခန်းထဲမှ ထွက်လာသော်လည်း စိတ်ကတော့မဖြောင့် ... နေလည်း Sကိုစောင်ခြုံပေးကာ နံဘေးမှာ ဝင်အိပ်လိုက်သည် ။

***

"ဟန်နီ မင်းပြောတာ အမှန်တွေလား ..."

ဟန်နီ မင်းရာဇာအောင် နံဘေးမှ လှဲအိပ်နေပြီး လက်တို့ က အကျီမပါသော ရင်ဘတ်ကို လက်သွယ်သွယ်တို့ နှင့် တို့ ထိကာ ကစားနေရင်း . ..

"တကယ်ပါဆို ... သူက အသင်ဆိုတဲ့ မိန်းမကို အရမ်းချစ်တာ ခုလည်း ကြည့် ဟန်နီတောင် ဘာမှ မလုပ်ရသေးဘူး ... သူ ဟန်နီဘက်ပါနေပြီ ... ခ်ခ် "ထည်ဝါ"ပိုင်ရှင်က ဒီလိုမျိုးလား ယုံတောင်မယုံဘူး ..."

"မင်း သူတို့ နဲ့ ရအောင် လိုက်သွားပါ ... ပြီးမှ ကိုကြီး ကြည့်စီစဉ်မယ် ..."

"စိတ်ချပါ သူပိုင်ဆိုင်သမျှက ကိုကြီးဟာပဲ ဖြစ်ရမယ် ..."

"မြန်မြန် အကောင်အထည် ဖော်မှ ဖြစ်မယ် နေမင်းထည်ဝါ ဆိုတဲ့လူက ပါးနပ်တယ် ..."

"မယုံပါဘူး ... သူက လူအတစ်ယောက်ပဲ ... ဟန်နီအတွက်တော့ ..."

ဟန်နီ မင်းကလည်း လူအတစ်ယောက်ပဲ မင်းကို ငါရွေးတာ မှန်သွားပြီ ... မင်းက ငါ့အတွက်တော့ အသုံးချခံ အရုပ်ပဲ ... ဟန်နီမသိပါ ... မင်းရာဇာအောင်ဟာ ကောက်ကျစ်တဲ့ မြေခွေးတစ်ကောင် ဆိုတာ ...

***